**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ရုပ်ရှင်နည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ် (၂/ ၉၇)**

**ရန်ကုန်မြို့၊ ၁၃၅၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်**

**(၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)**

**[ ပြင်ဆင် : 03.12.2025 ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်ဥပဒေ ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **ရုပ်ရှင်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါရှိသော စကားရပ်များသည် ရုပ်ရှင်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ရုပ်ရှင်ဥပဒေကို ဆိုသည်။

(ခ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဂ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံကိုဆိုသည်။

(ဃ) **တာဝန်ခံအရာရှိ** ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးကို ဆိုသည်။

<ပြင်ဆင် 03.12.2025>

**အခန်း (၂)**

**ရုပ်ရှင်လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း**

၃။ ရုပ်ရှင်လုပ်ငန်းတစ်ခုခု လုပ်ကိုင်လိုသူသည် ရုပ်ရှင်လုပ်ငန်းလိုင်စင် ရရှိရန် ပုံစံ (ရုပ်ရှင်- ၁) တွင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြပြီး လိုအပ်သည့် အထောက်အထားစာရွက်စာတမ်းများ ပူးတွဲ၍ ဦးစီးဌာနသို့ လျှောက်ထားရမည်။

<ပြင်ဆင် 03.12.2025>

Myanmar Law Information System (MLIS)

၄။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ရုပ်ရှင်လုပ်ငန်းလိုင်စင် လျှောက်လွှာပုံစံ (ရုပ်ရှင်-၁) ကို လက်ခံရရှိသည့်အခါ လျှောက်လွှာပါ အချက်အလက်များကို စိစစ်တင်ပြရန် အဖွဲ့ဝင် (၃)ဦးမှ (၅)ဦးအထိ ပါဝင်သော ရုပ်ရှင်လုပ်ငန်းလိုင်စင် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ရုပ်ရှင်လုပ်ငန်းလိုင်စင် စိစစ်ရေးအဖွဲ့၏ သက်တမ်းကို (၂)နှစ် သတ်မှတ်နိုင်သည်။

<ပြင်ဆင် 03.12.2025>

၅။ ရုပ်ရှင်လုပ်ငန်းလိုင်စင် စိစစ်ရေးအဖွဲ့သည်-

(က) ရုပ်ရှင်လုပ်ငန်းလိုင်စင် လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ မရှိ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လာရောက်စစ်ဆေးမည့်အကြောင်းကို ရုပ်ရှင်လုပ်ငန်းလိုင်စင် လျှောက်ထားသူထံ အနည်းဆုံး (၇) ရက် ကြိုတင်၍ အကြောင်းကြားရမည်။

(ဂ) သွားရောက်စစ်ဆေးသည့်အခါ အဖွဲ့ဝင်အနည်းဆုံး (၃) ဦး ပါဝင်စစ်ဆေးရမည်။

(ဃ) ရုပ်ရှင်လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရန် ခွင့်ပြုသင့်ကြောင်း သို့မဟုတ် ငြင်းပယ်သင့်ကြောင်း သဘောထားမှတ်ချက်ဖော်ပြလျက် စစ်ဆေးသူအားလုံး လက်မှတ်ရေးထိုး၍ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

<ပြင်ဆင် 03.12.2025>

၆။ ညွှန်ကြားရေးမှူးချုပ်သည် ရုပ်ရှင်လုပ်ငန်းလိုင်စင် လျှောက်လွှာနှင့် ရုပ်ရှင်လုပ်ငန်းလိုင်စင် စိစစ်ရေးအဖွဲ့၏ သဘောထားမှတ်ချက်များကို ထပ်မံစိစစ်ပြီး လျှောက်ထားသည့် ရုပ်ရှင်လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆုံးအဖြတ် ပေးရမည်။

<ပြင်ဆင် 03.12.2025>

၇။ ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၆ အရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်နှင့်အညီ ရုပ်ရှင်လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို သက်ဆိုင်ရာ လျှောက်ထားသူထံ ပုံစံ (ရုပ်ရှင်- ၂) ဖြင့် အကြောင်းကြားရမည်။

(ခ) ရုပ်ရှင်လုပ်ငန်း လိုင်စင်ထုတ်ပေးရန် ခွင့်ပြုချက်ရရှိသူထံမှ ရုပ်ရှင်လုပ်ငန်း အမျိုးအစားအလိုက် သတ်မှတ်ထားသော လိုင်စင်ခ လက်ခံရရှိလျှင် သက်ဆိုင်ရာ ရုပ်ရှင်လုပ်ငန်းလိုင်စင်ကို ပုံစံ (ရုပ်ရှင်-၃)ဖြင့် ထုတ်ပေးရမည်။

<ပြင်ဆင် 03.12.2025>

၈။ ရုပ်ရှင်လုပ်ငန်း လိုင်စင်ရရှိသူသည် ရုပ်ရှင်လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် ရုပ်ရှင်လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ပုံစံ (ရုပ်ရှင်- ၄) တွင်

Myanmar Law Information System (MLIS)

အချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြပြီး လိုအပ်သည့်အထောက်အထား စာရွက်စာတမ်းများ ပူးတွဲ၍ ဦးစီးဌာနသို့ လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ လျှောက်ထားရမည်။

<ပြင်ဆင် 03.12.2025>

၉။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ရုပ်ရှင်လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါအချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ မရှိ၊ ပူးတွဲတင်ပြရမည့် အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ရုပ်ရှင်လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆုံးအဖြတ်ပေးရမည်။

(ဂ) လိုအပ်ပါက ရုပ်ရှင်လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါ အချက်အလက်များနှင့်စပ်လျဉ်း၍ စိစစ်တင်ပြရန် ရုပ်ရှင်လုပ်ငန်းလိုင်စင် စိစစ်ရေးအဖွဲ့ကို တာဝန်ပေးအပ်နိုင်သည်။

<ပြင်ဆင် 03.12.2025>

၁၀။ ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (ခ) အရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်နှင့်အညီ ရုပ်ရှင်လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို သက်ဆိုင်ရာ လျှောက်ထားသူထံ ပုံစံ (ရုပ်ရှင်- ၅) ဖြင့် အကြောင်းကြားရမည်။

(ခ) ရုပ်ရှင်လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုချက်ရရှိသူထံမှ ရုပ်ရှင်လုပ်ငန်း အမျိုးအစားအလိုက် သတ်မှတ်ထားသော လိုင်စင်သက်တမ်းတိုးမြှင့်ခ လက်ခံရရှိလျှင် ရုပ်ရှင်လုပ်ငန်းလိုင်စင်ကို ပုံစံ (ရုပ်ရှင်- ၃) ဖြင့် ထုတ်ပေးရမည်။

<ပြင်ဆင် 03.12.2025>

## အခန်း (၃)

## ရုပ်ရှင်လုပ်ငန်း လိုင်စင်သက်တမ်း၊ လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခများသတ်မှတ်ခြင်း

၁၁။ ရုပ်ရှင်လုပ်ငန်းလိုင်စင် သက်တမ်းသည် အဆိုပါရုပ်ရှင်လုပ်ငန်းလိုင်စင် ထုတ်ပေးသည့် နေ့မှစ၍ (၁)နှစ် ဖြစ်သည်။

၁၂။ ပယ်ဖျက်

<ပြင်ဆင် 03.12.2025>

၁၃။ ပယ်ဖျက်

<ပြင်ဆင် 03.12.2025>

Myanmar Law Information System (MLIS)

၁၄။ ရက်လွန်ကြေးကောက်ခံရာတွင် လ၏အစိတ်အပိုင်းကို တစ်လဟု သတ်မှတ်ရမည်။

၁၅။ ပယ်ဖျက်

<ပြင်ဆင် 03.12.2025>

## အခန်း (၄)

## ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း

၁၆။ ဦးစီးဌာနသည် ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရုပ်ရှင်လုပ်ငန်းလိုင်စင် ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များကို လိုင်စင်တွင်တစ်ပါတည်း သတ်မှတ်ဖော်ပြရမည်။

<ပြင်ဆင် 03.12.2025>

၁၇။ ရုပ်ရှင်လုပ်ငန်းလိုင်စင် ရရှိသူသည် ရုပ်ရှင်လုပ်ငန်းလိုင်စင်တွင် ဖော်ပြသတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

၁၈။ တစ်ဖက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ပါက ရုပ်ရှင်လုပ်ငန်းလိုင်စင်သည် ပျက်ပြယ်သည်-

(က) ရုပ်ရှင်လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးခြင်း

(ခ) ရုပ်ရှင်လုပ်ငန်းလိုင်စင် ရုပ်သိမ်းခံရခြင်း

(ဂ) ရုပ်ရှင်လုပ်ငန်းလိုင်စင် ရရှိသူက လိုင်စင်ပြန်လည်အပ်နှံခြင်း

## အခန်း (၅)

## ရုပ်ရှင်ဆင်ဆာအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၉။ ပြန်ကြားရေးဝန်ကြီးဌာနသည် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၃၅ ဦးထိ ပါဝင်သော ရုပ်ရှင်ဆင်ဆာအဖွဲ့ကို ဖွဲ့စည်းရမည်။

<ပြင်ဆင် 03.12.2025>

၂၀။ ရုပ်ရှင်ဆင်ဆာအဖွဲ့၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ (၂)နှစ် ဖြစ်သည်။

၂၁။ အစိုးရဝန်ထမ်းမဟုတ်သော ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်သည် အဖွဲ့အစည်းအဝေး တက်ရောက်ခြင်းနှင့် ရုပ်ရှင်ကားများကို ကြည့်ရှုစစ်ဆေးခြင်းအတွက် ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၂။ ရုပ်ရှင်ကား ရိုက်ကူးလိုသူသည် မိမိရိုက်ကူးမည့် ဇာတ်လမ်းအတွက် ခွင့်ပြုချက်ရရှိရန် ရုပ်ရှင်ဆင်ဆာအဖွဲ့သို့ ပုံစံ (ရုပ်ရှင်- ၆) ဖြင့် လျှောက်ထားရမည်။

၂၃။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ရုပ်ရှင်ကားရိုက်ကူးရန် တင်ပြလာသော ဇာတ်လမ်းအား အောက်ဖော်ပြပါ အချက်များကို အခြေခံ၍ စိစစ်ရမည်-

(က) နိုင်ငံတော်၏ မူဝါဒကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ

Myanmar Law Information System (MLIS)

(ခ) ကိုးကွယ်သည့်ဘာသာကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ

(ဂ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ

(ဃ) အမျိုးသားယဉ်ကျေးမှုကို ထိခိုက်ပျက်ပြားစေနိုင်ခြင်း ရှိ မရှိ

(င) ပြည်သူတို့၏ အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေနိုင်ခြင်း ရှိ မရှိ

(စ) တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ

(ဆ) ညစ်ညမ်းသော၊ ရက်စက်ကြမ်းကြုတ်သော၊ ကာမရာဂကို လှုံ့ဆော်သော အပြုအမူများ ပါဝင်ခြင်း ရှိ မရှိ

(ဇ) ကလေးသူငယ်များ၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ

(ဈ) ဇာတ်လမ်းသည် ပြည်သူ့အတွက်လည်းကောင်း၊ နိုင်ငံတော်အတွက်လည်းကောင်း အကျိုးပြုနိုင်ခြင်း ရှိ မရှိ

၂၄။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် တင်ပြလာသော ဇာတ်လမ်းကို စိစစ်ပြီး-

(က) ရုပ်ရှင်ကားရိုက်ကူးရန် ခွင့်ပြုလျှင် သို့မဟုတ် ငြင်းပယ်လျှင် သက်ဆိုင်ရာ လျှောက်ထားသူထံ ပုံစံ (ရုပ်ရှင် - ၇) ဖြင့် အကြောင်းကြားရမည်။

(ခ) လိုအပ်သည့် အချက်များကို ပြင်ဆင်ရေးသားတင်ပြမှသာ ရုပ်ရှင်ကားရိုက်ကူးရန် ခွင့်ပြုမည်ဟု သက်ဆိုင်ရာ လျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

၂၅။ နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားချက်နှင့်အညီ သက်ဆိုင်ရာ လျှောက်ထားသူက လိုအပ်သည့်အချက်များ ပြင်ဆင်ရေးသား၍ ပြန်လည်တင်ပြလာလျှင် ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ရုပ်ရှင်ကားရိုက်ကူးရန် ခွင့်ပြုကြောင်း ပုံစံ (ရုပ်ရှင် - ၇) ဖြင့် အကြောင်းကြားရမည်။

## အခန်း (၆)

## ရုပ်ရှင်ဆင်ဆာလက်မှတ် လျှောက်ထားခြင်း

၂၆။ ရုပ်ရှင်ဆင်ဆာလက်မှတ် ရရှိလိုသူသည်-

(က) မိမိတင်ပြထားသော ရုပ်ရှင်ကားနှင့်စပ်လျဉ်း၍ ရုပ်ရှင်ဆင်ဆာ စစ်ဆေးခအား ပြန်ကြားရေး ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသော နှုန်းထားအတိုင်း ရုပ်ရှင်ဆင်ဆာအဖွဲ့သို့ ပေးသွင်းရမည်။

(ခ) အခြားရုပ်ရှင်နည်းပညာ တစ်ရပ်ရပ်ဖြင့် ရိုက်ကူးထားသော ရုပ်ရှင်ကားအတွက်ဖြစ်လျှင် ပြန်ကြားရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော ရုပ်ရှင်ဆင်ဆာစစ်ဆေးခကို ပေးသွင်းရမည်။

Myanmar Law Information System (MLIS)

(ဂ) ရုပ်ရှင်ဆင်ဆာလက်မှတ် ရရှိရန် ပုံစံ (ရုပ်ရှင် - ၈)တွင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး ရုပ်ရှင်ဆင်ဆာစစ်ဆေးခ ပေးသွင်းထားသည့် ပြေစာ(မူရင်း) ပူးတွဲ၍ ရုပ်ရှင်ဆင်ဆာအဖွဲ့သို့ လျှောက်ထားရမည်။

<ပြင်ဆင် 03.12.2025>

၂၇။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် တင်ပြလာသော ရုပ်ရှင်ကားကို နည်းဥပဒေ ၂၃ တွင် ဖော်ပြထားသည့် အချက်များကို အခြေခံ၍ ကြည့်ရှုစစ်ဆေးပြီး-

(က) အများပြည်သူအား ပြသခွင့်ပြုလျှင် သတ်မှတ်ထားသော ရုပ်ရှင်ဆင်ဆာလက်မှတ်ခကို ပေးသွင်းရန် သက်ဆိုင်ရာလျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) အများပြည်သူအား ပြသရန်မသင့်သော ရုပ်ရှင်ကား၏ အစိတ်အပိုင်းကို ဖြတ်တောက်ပြီး ပြသခွင့်ပြုလျှင် သတ်မှတ်ထားသော ရုပ်ရှင်ဆင်ဆာလက်မှတ်ခကို ပေးသွင်းရန် သက်ဆိုင်ရာလျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဂ) သီးသန့်ပရိတ်သတ်အား ပြသခွင့်ပြုလျှင် သက်ဆိုင်ရာလျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

(ဃ) အများပြည်သူအား ပြသခွင့်ပြုလျှင် ရုပ်ရှင်ဆင်ဆာလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ကြောင်း သက်ဆိုင်ရာလျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

(င) အများပြည်သူအား ပြသရန်မသင့်သော ရုပ်ရှင်ကား၏ အစိတ်အပိုင်းကို ပြုပြင်ခြင်း ပြုလုပ်ပြီးမှသာ ခွင့်ပြုမည်ဟု သက်ဆိုင်ရာလျှောက်ထားသူထံ စာဖြင့် အကြောင်းကြားနိုင်သည်။

၂၈။ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (င) အရ အကြောင်းကြားချက်နှင့်အညီ သက်ဆိုင်ရာလျှောက်ထားသူက လိုအပ်သလို ပြုပြင်ပြီး ပြန်လည်တင်ပြပါက ရုပ်ရှင်ဆင်ဆာအဖွဲ့သည် အများပြည်သူအား ပြသခွင့်ပြုလျှင် သတ်မှတ်ထားသော ရုပ်ရှင်ဆင်ဆာလက်မှတ်ခကို ပေးသွင်းရန် အကြောင်းကြားရမည်။

၂၉။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည်-

(က) နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲ (ခ) သို့မဟုတ် နည်းဥပဒေ ၂၈ အရ အကြောင်းကြားခြင်း ခံရသူက သတ်မှတ်ထားသော ရုပ်ရှင်ဆင်ဆာလက်မှတ်ခ ပေးသွင်းလျှင် ရုပ်ရှင်ဆင်ဆာလက်မှတ်ကို ပုံစံ (ရုပ်ရှင် - ၉) ဖြင့် ထုတ်ပေးရမည်။

(ခ) ရုပ်ရှင်ဆင်ဆာလက်မှတ် ရရှိပြီးသော ရုပ်ရှင်ကားနှင့်စပ်လျဉ်း၍ ထပ်မံကူးယူသော မိတ္တူရုပ်ရှင်ကားများအတွက် သတ်မှတ်ထားသော ရုပ်ရှင်ဆင်ဆာလက်မှတ်ခ ပေးသွင်းသူအား ခွင့်ပြုအမှတ်စဉ်ပါရှိသော ရုပ်ရှင်ဆင်ဆာလက်မှတ်များကို ထုတ်ပေးရမည်။

၃၀။ ရုပ်ရှင်ဆင်ဆာလက်မှတ်ရရှိသူသည်-

(က) ရုပ်ရှင်ဆင်ဆာလက်မှတ်ကို ရုပ်ရှင်ဇာတ်ကား၏အစတွင် ထည့်သွင်းရိုက်ကူးရမည်။

Myanmar Law Information System (MLIS)

(ခ) အခြားရုပ်ရှင်နည်းပညာ တစ်ရပ်ရပ်ဖြင့် ရိုက်ကူးထားသော ရုပ်ရှင်ကားအတွက်ဖြစ်လျှင် ရုပ်ရှင်ဆင်ဆာလက်မှတ်ကို ပြန်ကြားရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

၃၁။ ရုပ်ရှင်ဆင်ဆာလက်မှတ်သည် အဆိုပါရုပ်ရှင်ဆင်ဆာလက်မှတ် ထုတ်ပေးသည့်နေ့မှစ၍ ရုပ်ရှင်ဆင်ဆာအဖွဲ့က သတ်မှတ်သောကာလအတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အတည်ဖြစ်သည်။ ယင်းကာလသည် (၃) နှစ်ထက် မပိုစေရ။

၃၂။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲ (ဃ) သို့မဟုတ် နည်းဥပဒေခွဲ (င) အရ မိမိချမှတ်သော ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ -

(က) ရုပ်ရှင်ဆင်ဆာ လက်မှတ်လျှောက်ထားသူက မကျေနပ်သဖြင့် အယူခံဝင်ရောက်လျှင် အယူခံတွင် ချမှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ခ) ရုပ်ရှင်ဆင်ဆာလက်မှတ် လျှောက်ထားသူက အယူခံမဝင်လျှင် အယူခံကာလ ကုန်ဆုံးသောအခါ အများပြည်သူအား ပြသခွင့်မပြုသော -

(၁) ရုပ်ရှင်ကားတွင်ပါရှိသည့် ဖြတ်တောက်ထားသော အစိတ်အပိုင်းများကို သက်ဆိုင်ရာလျှောက်ထားသူအား ပြန်လည်မပေးဘဲ သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုနိုင်သည်။

(၂) မြန်မာရုပ်ရှင်ကားကို သက်ဆိုင်ရာ လျှောက်ထားသူအား ပြန်လည်မပေးဘဲ သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုနိုင်သည်။

(၃) ပြည်ပမှ တင်သွင်းလာသော ရုပ်ရှင်ကားကို ထိန်းသိမ်းခြင်း သို့မဟုတ် သက်ဆိုင်ရာလျှောက်ထားသူအား ပြည်ပသို့ ပြန်လည်ပေးပို့စေခြင်း ပြုနိုင်သည်။

၃၃။ ရုပ်ရှင်ဆင်ဆာလက်မှတ် ရရှိသူသည် ရုပ်ရှင်ဆင်ဆာလက်မှတ် သက်တမ်းတိုးမြှင့်လိုပါက ပုံစံ (ရုပ်ရှင်- ၁၀) တွင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြ၍ ရုပ်ရှင်ဆင်ဆာအဖွဲ့သို့ လျှောက်ထားရမည်။

၃၄။ နည်းဥပဒေ ၃၃ အရ လျှောက်ထားသူသည်-

(က) နည်းဥပဒေ ၂၆၊ နည်းဥပဒေခွဲ (က) သို့မဟုတ် နည်းဥပဒေခွဲ (ခ)အရ ကျသင့်သော ရုပ်ရှင်ဆင်ဆာစစ်ဆေးခကို ရုပ်ရှင်ဆင်ဆာအဖွဲ့သို့ ပေးသွင်းရမည်။

(ခ) ရုပ်ရှင်ဆင်ဆာစစ်ဆေးခ ပေးသွင်းပြီးကြောင်း ပြေစာ (မူရင်း)ကို သက်ဆိုင်ရာပုံစံတွင် ပူးတွဲတင်ပြရမည်။

၃၅။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ရုပ်ရှင်ဆင်ဆာလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသော ရုပ်ရှင်ကားကို ပြန်လည်ကြည့်ရှုစစ်ဆေးပြီး-

(က) သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် သတ်မှတ်ထားသော ရုပ်ရှင်ဆင်ဆာလက်မှတ်ခ ပေးသွင်းရန် သက်ဆိုင်ရာလျှောက်ထားသူထံ အကြောင်းကြားရမည်။

Myanmar Law Information System (MLIS)

(ခ) သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်လျှင် သက်ဆိုင်ရာလျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

၃၆။ နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (က) အရ အကြောင်းကြားခြင်းခံရသူက ရုပ်ရှင်ဆင်ဆာလက်မှတ်ခ ပေးသွင်းလျှင် ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ရုပ်ရှင်ဆင်ဆာလက်မှတ်ကို ပုံစံ (ရုပ်ရှင် - ၉) ဖြင့် ထုတ်ပေး ရမည်။

၃၇။ နည်းဥပဒေ ၃၆ အရ ထုတ်ပေးသော ရုပ်ရှင်ဆင်ဆာလက်မှတ်ရရှိသူသည် ယင်းလက်မှတ်ကို ရုပ်ရှင်ကား၏အစတွင် ထည့်သွင်းရိုက်ကူးရမည်။

၃၈။ ရုပ်ရှင်ဆင်ဆာလက်မှတ်ခသည် ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

<ပြင်ဆင် 03.12.2025>

၃၉။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည်-

(က) မည်သည့်ရုပ်ရှင်ကားကိုမဆို ကြည့်ရှုစစ်ဆေးရန် သို့မဟုတ် လိုအပ်ပါက ထပ်မံကြည့်ရှု စစ်ဆေးရန် ဆင့်ဆိုနိုင်သည်။

(ခ) ပြင်ဆင်ရန် အကြောင်းရှိလျှင်ဖြစ်စေ၊ ထူးခြားသော အကြောင်းရှိလျှင်ဖြစ်စေ ခွင့်ပြုပြီးဖြစ်သော မည်သည့် ရုပ်ရှင်ဆင်ဆာလက်မှတ်ကိုမဆို ပြန်လည်ရုပ်သိမ်းနိုင်သည်။

(ဂ) ရုပ်ရှင်ဆင်ဆာလက်မှတ် ရုပ်သိမ်းခြင်းခံရသော မြန်မာရုပ်ရှင်ကားကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုနိုင်သည်။

(ဃ) ရုပ်ရှင်ဆင်ဆာလက်မှတ် ရုပ်သိမ်းခြင်းခံရသော ပြည်ပမှ တင်သွင်းလာသည့် ရုပ်ရှင်ကားကို ထိန်းသိမ်းခြင်း သို့မဟုတ် သက်ဆိုင်သူအား ပြည်ပသို့ ပြန်လည်ပေးပို့စေခြင်း ပြုနိုင်သည်။

၄၀။ နိုင်ငံခြားသံတမန် အဖွဲ့အစည်းကဖြစ်စေ၊ ကုလသမဂ္ဂအဖွဲ့အစည်းကဖြစ်စေ ပြည်ပမှ တင်သွင်းလာသော ရုပ်ရှင်ကားကို အများပြည်သူအား ပြသလိုပါက ခွင့်ပြုချက် ရရှိရန် အောက်ပါတို့နှင့်အတူ ပူးတွဲ၍ ရုပ်ရှင်ဆင်ဆာအဖွဲ့သို့ လျှောက်ထားရမည်-

(က) ရိုက်ကူးထားသော ရုပ်ရှင်ကား

(ခ) ရုပ်ရှင်ကားနှင့်စပ်လျဉ်းသည့် အကြောင်းအရာ အကျဉ်းချုပ်

၄၁။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် နည်းဥပဒေ ၄၀ အရ လျှောက်ထားတင်ပြလာသော ရုပ်ရှင်ကားကို ကြည့်ရှုစစ်ဆေးပြီး-

(က) ပြသရန် ခွင့်ပြုချက် ထုတ်ပေးနိုင်သည်။

(ခ) အများပြည်သူအား ပြသရန် မသင့်သော ရုပ်ရှင်ကားတွင် ပါရှိသည့် အစိတ်အပိုင်းကို ဖြတ်တောက်ပြီး ပြသရန်ခွင့်ပြုချက် ထုတ်ပေးနိုင်သည်။

Myanmar Law Information System (MLIS)

(ဂ) သက်ဆိုင်ရာ နိုင်ငံခြားသံတမန်အဖွဲ့အစည်း သို့မဟုတ် ကုလသမဂ္ဂအဖွဲ့အစည်း၏ ဥပစာအတွင်း၌ သီးသန့်ပရိသတ်ကိုသာ ပြသရန် ခွင့်ပြုချက် ထုတ်ပေးနိုင်သည်။

၄၂။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ခ) အရ ဖြတ်တောက်ထားသော အစိတ်အပိုင်းကို အဆိုပါရုပ်ရှင်ကားအား ပြည်ပသို့ ပြန်လည်မပို့မီ ထိန်းသိမ်းထားနိုင်သည်။

## အခန်း (၇)

## မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄၃။ ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအကဲဖြတ်အဖွဲ့ကို အဖွဲ့ဝင် (၁၁) ဦးမှ (၁၅) ဦးအထိ ပါဝင်ဖွဲ့စည်းနိုင်သည်။

၄၄။ အကဲဖြတ်အဖွဲ့၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ (၂) နှစ် ဖြစ်သည်။

၄၅။ အစိုးရဝန်ထမ်းမဟုတ်သော အကဲဖြတ်အဖွဲ့ဝင်သည် အကဲဖြတ်အဖွဲ့ အစည်းအဝေး တက်ရောက်ခြင်းနှင့် ရုပ်ရှင်ကားများကို ကြည့်ရှုအကဲဖြတ်ခြင်းအတွက် ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၄၆။ ပြန်ကြားရေးဝန်ကြီးဌာနသည် အောက်ပါရုပ်ရှင်ထူးချွန်ဆု အမျိုးအစားများကို ချီးမြှင့်နိုင်သည်။ လိုအပ်ပါက ယင်းဆုအမျိုးအစားများကို ပြင်ဆင်သတ်မှတ်နိုင်သည်-

(က) ဇာတ်ကားဆု

(ခ) ဒါရိုက်တာဆု

(ဂ) အမျိုးသားဇာတ်ဆောင်ဆု

(ဃ) အမျိုးသမီးဇာတ်ဆောင်ဆု

(င) အမျိုးသားဇာတ်ပို့ဆု

(စ) အမျိုးသမီးဇာတ်ပို့ဆု

(ဆ) ရုပ်ရှင်ဇာတ်ပုံဆု

(ဇ) ရုပ်ရှင်တေးဂီတဆု

(ဈ) ရုပ်ရှင်ဇာတ်ညွှန်းဆု

(ည) ရုပ်ရှင်အသံဆု

(ဋ) ရုပ်ရှင်တည်းဖြတ်ဆု

၄၇။ အကဲဖြတ်အဖွဲ့သည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ရွေးချယ်ရာတွင် အောက်ဖော်ပြပါ အချက်များကို အခြေခံစိစစ်ရမည်-

(က) နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေးကို အထောက်အကူ ပြုစေခြင်း။

(ခ) မြန်မာ့ရုပ်ရှင်အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေခြင်း။

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှု ထွန်းကားစေခြင်း။

(ဃ) မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေခြင်း။

(င) တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်ရေးကို အထောက်အကူပြုစေခြင်း။

(စ) အတွေးအခေါ် မှန်ကန်စေခြင်းနှင့် နည်းလမ်းမှန်ကန်သော အသိဉာဏ်ဗဟုသုတ တိုးပွားစေခြင်း။

(ဆ) အကျင့်စာရိတ္တပြုပြင်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် အထောက်အကူပြုစေခြင်း။

၄၈။ အကဲဖြတ်အဖွဲ့သည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၄၇ တွင် ဖော်ပြထားသည့် အချက်များကို အခြေခံစိစစ်ပြီး-

(က) ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ရုံတင်ပြသခဲ့သော မြန်မာရုပ်ရှင်ကားအားလုံးကို အကဲဖြတ် ကြည့်ရှုရမည်။

(ခ) ဒုတိယအကြိမ် အကဲဖြတ်ကြည့်ရှုရမည့် ရုပ်ရှင်ကားများကို စိစစ်ရွေးချယ်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ စိစစ်ရွေးချယ်သော ရုပ်ရှင်ကားများကို ဒုတိယအကြိမ် ထပ်မံအကဲဖြတ် ကြည့်ရှုရမည်။

(ဃ) ဒုတိယအကြိမ် အကဲဖြတ်ကြည့်ရှုပြီးသော ရုပ်ရှင်ကားများအနက် တတိယအကြိမ် ထပ်မံ အကဲဖြတ် ကြည့်ရှုရမည့် ရုပ်ရှင်ကားများကို စိစစ်ရွေးချယ်ရမည်။

(င) နည်းဥပဒေခွဲ (ဃ) အရ စိစစ်ရွေးချယ်သော ရုပ်ရှင်ကားများကို တတိယအကြိမ်ထပ်မံ အကဲဖြတ် ကြည့်ရှုရမည်။

၄၉။ (က) တတိယအကြိမ် အကဲဖြတ်ကြည့်ရှုပြီးလျှင် အကဲဖြတ်အဖွဲ့ဝင် တစ်ဦးချင်းသည် ရုပ်ရှင်ထူးချွန်ဆု အမျိုးအစားအလိုက် မိမိ၏သဘောထားမှတ်ချက်ဖော်ပြ၍ လျှို့ဝှက်စနစ်ဖြင့် အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ (က) အရ အကဲဖြတ်အဖွဲ့ဝင် တစ်ဦးချင်းက တင်ပြလာသော သဘောထားမှတ်ချက်များကို စုစည်းပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ လျှို့ဝှက်စနစ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးထံ တင်ပြရမည်။

(ဂ) အကဲဖြတ်အဖွဲ့သည် မိမိ၏ သဘောထားမှတ်ချက်ပေးခြင်းနှင့်စပ်လျဉ်း၍ လျှို့ဝှက်စွာ ထိန်းသိမ်းထားရမည်။

၅၀။ ပြန်ကြားရေးဝန်ကြီးဌာနသည်-

(က) အကဲဖြတ်အဖွဲ့က တင်ပြလာသော ရုပ်ရှင်ထူးချွန်ဆု အမျိုးအစားအလိုက် ထပ်မံစိစစ်ပြီး ဆုချီးမြှင့်ရန် အတည်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။

(ခ) အကဲဖြတ်အဖွဲ့အား ပြန်လည်စိစစ်ကြည့်ရှုရန် ညွှန်ကြားနိုင်သည်။

Myanmar Law Information System (MLIS)

(ဂ) ပြက္ခဒိန်နှစ်အလိုက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ကျင်းပ၍ ရုပ်ရှင်ထူးချွန်ဆု အမျိုးအစားအလိုက် ဆုချီးမြှင့်ထိုက်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာနိုင်သည်။

၅၁။ ရုပ်ရှင်ထူးချွန်ဆု အမျိုးအစားအလိုက် ဆုချီးမြှင့်ထိုက်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခြင်းမပြုမီ လျှို့ဝှက်စွာ ထိန်းသိမ်းထားရမည်။

## အခန်း (၈)

## ရုပ်ရှင်ရုံလိုင်စင်လျှောက်ထားခြင်း

၅၂။ ရုပ်ရှင်ရုံလိုင်စင် ရရှိလိုသူသည် ရုပ်ရှင်ရုံနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသရှိ အောက်ဖော်ပြပါ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက် တောင်းခံရမည်-

(က) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ခ) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊

(ဂ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊

(ဃ) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊

(င) မြို့နယ်မီးသတ်ဦးစီးဌာန၊

(စ) မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း။

၅၃။ ရုပ်ရှင်ရုံလိုင်စင်ရရှိလိုသူသည် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်နှင့်အတူ ပုံစံ(ရုပ်ရှင်-၁၁)ဖြင့် တာဝန်ခံအရာရှိထံ လျှောက်ထားရမည်။

၅၄။ တာဝန်ခံအရာရှိသည် နည်းဥပဒေ ၅၃ အရ လျှောက်ထားသည့်ပုံစံ (ရုပ်ရှင်-၁၁)နှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး ပြည့်စုံမှန်ကန်မှုရှိပါက ပုံစံ (ရုပ်ရှင်-၁၂)ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

၅၅။ ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၅၄ အရ တင်ပြသည့် ရုပ်ရှင်ရုံနှင့်စပ်လျဉ်း၍ ဒီဇိုင်းတယ်စနစ် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရန် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅၆။ စစ်ဆေးရေးအဖွဲ့သည် အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များကို သဘောထားမှတ်ချက်နှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်-

(က) ရုပ်ရှင်ရုံမျက်နှာစာနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာမှု ရှိ မရှိ၊

(ခ) ယာဉ်ရပ်နားရန် သင့်တင့်သော အကျယ်အဝန်း ရှိ မရှိ၊

(ဂ) လုံခြုံရေးဝန်ထမ်း ရှိ မရှိ၊

(ဃ) ရုပ်ရှင်ရုံအတွင်း လေဝင်၊ လေထွက် ကောင်းမွန်သည့် အကျယ်အဝန်း ရှိ မရှိ၊

(င) Foot Lighting အတွက် လုံလောက်သော အလင်းပေးစနစ် ရှိ မရှိ၊

Myanmar Law Information System (MLIS)

(စ) ကာလဒေသနှင့်ဆီလျော်သော ပွဲကြည့်ထိုင်ခုံ အရေအတွက်နှင့် ထိုင်ခုံအမျိုးအစား၊

(ဆ) ရုပ်ရှင်ရုံ၏ ဝင်ဆံ့သည့် လူဦးရေနှင့် ကိုက်ညီသော သန့်စင်ခန်းများ ရှိ မရှိ၊

(ဇ) အရန်လျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်ထားခြင်း ရှိ မရှိ၊

(ဈ) ပြစက်ခန်းအတွင်း လေအေးပေးစက်နှင့် CCTV တပ်ဆင်ထားခြင်း ရှိ မရှိ၊

(ည) ရုပ်ရှင်ကားအား ခိုးကူး၍ မရနိုင်သည့် Projector နှင့် Server တပ်ဆင်ထားခြင်း ရှိ မရှိ၊

(ဋ) အသံစနစ်သည် 5.1 Surround နှင့်အထက် ရှိ မရှိ၊

(ဌ) သင့်တင့်လျောက်ပတ်သော အရွယ်အစားရှိသည့် ငွေရောင်ပိတ်ကား (Silver Screen) တပ်ဆင်ထား ခြင်း ရှိ မရှိ။

၅၇။ ညွှန်ကြားရေးမှူးချုပ်သည် စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး-

(က) ရုပ်ရှင်ရုံလိုင်စင်ထုတ်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ ရုပ်ရှင်ရုံလိုင်စင်ထုတ်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်၊

(ဂ) လိုအပ်ပါက ပြန်လည်ပြုပြင်ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်၊

(ဃ) နည်းဥပဒေခွဲ (က)အရ ခွင့်ပြုပါက ရုပ်ရှင်ရုံလိုင်စင်ခ ပေးသွင်းစေပြီး ရုပ်ရှင်ရုံလိုင်စင်ကို ပုံစံ (ရုပ်ရှင်- ၁၃)ဖြင့် ထုတ်ပေးရမည်။

၅၈။ ပယ်ဖျက်

<ပြင်ဆင် 03.12.2025>

၅၉။ ရုပ်ရှင်ရုံလိုင်စင်ရရှိသူသည် ရုပ်ရှင်ရုံလိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်၍ ရုပ်ရှင်ရုံလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ပုံစံ(ရုပ်ရှင်-၁၄)ဖြင့် တာဝန်ခံအရာရှိမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

၆၀။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ရုပ်ရှင်ရုံလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ပူးတွဲတင်ပြရမည့် အထောက်အထား စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံခြင်း ရှိ မရှိ စိစစ်ရမည်၊

(ခ) ရုပ်ရှင်ရုံလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်၊

(ဂ) လိုအပ်ပါက တာဝန်ခံအရာရှိ၏ သဘောထားမှတ်ချက် တောင်းခံနိုင်သည်၊

(ဃ) နည်းဥပဒေခွဲ(ခ)အရ ခွင့်ပြုပါက ရုပ်ရှင်ရုံလိုင်စင်သက်တမ်း တိုးမြှင့်ခ ပေးသွင်းစေပြီး ရုပ်ရှင်ရုံလိုင်စင်ကို ပုံစံ (ရုပ်ရှင်-၁၃)ဖြင့် ထုတ်ပေးရမည်။

<ပြင်ဆင် 03.12.2025>

Myanmar Law Information System (MLIS)

## အခန်း (၉)

## ရုပ်ရှင်ရုံလိုင်စင်သက်တမ်း၊ လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခများ သတ်မှတ်ခြင်း

၆၁။ ရုပ်ရှင်ရုံလိုင်စင်သက်တမ်းသည် အဆိုပါလိုင်စင်သက်တမ်း ထုတ်ပေးသည့်နေ့မှစ၍ (၁) နှစ် ဖြစ်သည်။

၆၂။ ဦးစီးဌာနသည် ရုပ်ရှင်ရုံလိုင်စင်ခ၊ ရက်လွန်ကြေးနှင့် ရုပ်ရှင်ရုံလိုင်စင်သက်တမ်း တိုးမြှင့်ခများကို ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် နယ်မြေအလိုက် ခွဲခြား၍ သတ်မှတ်နိုင်သည်။

<ပြင်ဆင် 03.12.2025>

## အခန်း (၁၀)

## ရုပ်ရှင်ရုံလိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

၆၃။ ဦးစီးဌာနသည် ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရုပ်ရှင်ရုံလိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းများကို လိုင်စင်တွင် တစ်ပါတည်းသတ်မှတ်ဖော်ပြရမည်။

<ပြင်ဆင် 03.12.2025>

၆၄။ ရုပ်ရှင်ရုံလိုင်စင်ရရှိသူသည် ရုပ်ရှင်ရုံလိုင်စင်တွင် ဖော်ပြသတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

၆၅။ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ပါက ရုပ်ရှင်ရုံလိုင်စင်သည် ပျယ်ပြယ်သည်-

(က) ရုပ်ရှင်ရုံလိုင်စင် သက်တမ်း ကုန်ဆုံးခြင်း။

(ခ) ရုပ်ရှင်ရုံလိုင်စင် ရုပ်သိမ်းခံရခြင်း။

(ဂ) ရုပ်ရှင်ရုံလိုင်စင်ရရှိသူက လိုင်စင်ပြန်လည်အပ်နှံခြင်း။

## အခန်း (၁၁)

## အယူခံခြင်း

၆၆။ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ပြန်ကြားရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

<ပြင်ဆင် 03.12.2025>

၆၇။ ပြန်ကြားရေးဝန်ကြီးဌာနသည် အယူခံလွှာ လက်ခံရရှိသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း။

Myanmar Law Information System (MLIS)

(ခ) လိုအပ်ပါက ပြန်လည်စစ်ဆေးရန် ညွှန်ကြားခြင်း။

<ပြင်ဆင် 03.12.2025>

၆၈။ ပြန်ကြားရေးဝန်ကြီးဌာနသည် မိမိ၏ဆုံးဖြတ်ချက်ကို အယူခံသူထံ စာဖြင့်အကြောင်းကြားရမည်။

၆၉။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၂)

## အထွေထွေ

၇၀။ အောက်ဖော်ပြပါ ကိစ္စတစ်ရပ်ရပ်ကို ဤနည်းဥပဒေများနှင့်အညီ လျှောက်ထားသူသည် လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း ဦးစီးဌာန၏ အကြောင်းကြားစာ လက်ခံရရှိသည့် အချိန်အထိ မိမိ၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ရှိသည်-

(က) ရုပ်ရှင်လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ကိစ္စ၊

(ခ) ရုပ်ရှင်ရုံလိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ကိစ္စ။

<ပြင်ဆင် 03.12.2025>

၇၁။ ၁၉၆၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေအရ ခွင့်ပြုထားသော ရုပ်ရှင်လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ပြန်ကြားရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ပေးသည့် အချိန်ကာလအတွင်း သက်ဆိုင်ရာ ရုပ်ရှင်လုပ်ငန်းလိုင်စင်ကို ဤနည်းဥပဒေများနှင့်အညီ လျှောက်ထားရမည်။

ဗိုလ်ချုပ် အေးကျော်

ဝန်ကြီး

ပြန်ကြားရေးဝန်ကြီးဌာန

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ (ရုပ်ရှင်-၁) ရုပ်ရှင်လုပ်ငန်းလိုင်စင်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ (ရုပ်ရှင် - ၂) ရုပ်ရှင်လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း အကြောင်းကြားစာ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ (ရုပ်ရှင် - ၃) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်လုပ်ငန်းလိုင်စင်

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ (ရုပ်ရှင် - ၄) ရုပ်ရှင်လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ (ရုပ်ရှင် - ၅) ရုပ်ရှင်လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားခြင်း အကြောင်းကြားစာ

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ (ရုပ်ရှင် - ၆) ရုပ်ရှင်ဇာတ်လမ်းခွင့်ပြုရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ပုံစံ (ရုပ်ရှင် - ၇) ရုပ်ရှင်ဇာတ်လမ်း လျှောက်ထားခြင်းနှင့်ပတ်သက်၍ အကြောင်းကြားစာ

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 ပုံစံ (ရုပ်ရှင် - ၈) ရုပ်ရှင်ဆင်ဆာလက်မှတ်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပုံစံ (ရုပ်ရှင် - ၉) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရုပ်ရှင်ဆင်ဆာအဖွဲ့

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10 ပုံစံ (ရုပ်ရှင် - ၁၀) ရုပ်ရှင်ဆင်ဆာလက်မှတ် သက်တမ်းတိုးမြှင့် ပေးရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11 ပုံစံ (ရုပ်ရှင် - ၁၁) ရုပ်ရှင်ရုံလိုင်စင်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12 ပုံစံ (ရုပ်ရှင် - ၁၂) ရုပ်ရှင်ရုံလိုင်စင်လျှောက်ထားခြင်း တင်ပြစာ

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 13 ပုံစံ (ရုပ်ရှင် - ၁၃) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်ရုံလိုင်စင်

[ ပူးတွဲဖော်ပြသော စာရင်း 14 ] 14 ပုံစံ (ရုပ်ရှင် - ၁၄) ရုပ်ရှင်ရုံလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ

Myanmar Law Information System (MLIS)

**ပူးတွဲတင်ပြသော စာရွက်စာတမ်းများ**

(၁) လုပ်ငန်းသုံး စက်ပစ္စည်းများစာရင်း၊

(၂) လုပ်ငန်းသုံးစက်ပစ္စည်းများအတွက် (၁၉၈၈ ခုနှစ် နောက်ပိုင်းစက်ပစ္စည်းများအတွက်သာ) ကျသင့်သော အကောက်ခွန်ပေးဆောင်ပြီးကြောင်း အထောက်အထား မိတ္တူများ၊

(၃) (လိုအပ်ပါက) လုပ်ငန်းသုံးပစ္စည်းများအတွက် တရားဝင်ပိုင်ဆိုင်ကြောင်း အထောက်အထား မိတ္တူများ၊

(၄) အစုစပ်ပိုင်ဖြစ်ပါက လိုအပ်သည့် စာရွက်စာတမ်းမိတ္တူများ၊

(၅) သက်ဆိုင်ရာမြို့နယ်၏ ရဲတပ်ဖွဲ့စခန်းမှ ထုတ်ပေးသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်၊

(၆) လျှောက်ထားသော ရုပ်ရှင်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးလျှင် ဆောင်ရွက်ခဲ့ပုံ အကျဉ်းချုပ်၊

(၇) ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က အခါ အားလျော်စွာ ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ပါမည် ဟူသော ဝန်ခံချက်၊

(၈) လုပ်ငန်းအမျိုးအစားအလိုက် လိုအပ်သည့်စာရွက်စာတမ်းများ။

**မှတ်ချက်။ အပိုဒ်(၁)တွင် လုပ်ကိုင်ဆောင်ရွက်လိုသည့် ရုပ်ရှင်လုပ်ငန်းအမျိုးအစားကိုဖော်ပြရန်။**

ပုံစံ(ရုပ်ရှင်-၁)

## ရုပ်ရှင်လုပ်ငန်းလိုင်စင်လျှောက်လွှာ

**[နည်းဥပဒေ ၃]**

သို့

ညွှန်ကြားရေးမှူးချုပ်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ရုပ်ရှင်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်း**

လေးစားစွာ လျှောက်ထားအပ်ပါသည်-

၁။ ကျွန်တော်/ ကျွန်မ ဦး/ ဒေါ် ........................................ သည် ................................ အမည်ဖြင့် ........................................ လုပ်ငန်းကို ဆောင်ရွက်လိုပါသဖြင့် ရုပ်ရှင်လုပ်ငန်းလိုင်စင် ရရှိရန် လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော်/ ကျွန်မသည် ...........................လုပ်ငန်းကို တစ်ဦးတည်းပိုင်/ အစုစပ်ပိုင် အဖြစ် လုပ်ကိုင်ဆောင်ရွက်ပါမည်။

၃။ လိုအပ်သောအချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) လျှောက်ထားသူအမည် ..................................................................

(ခ) အမျိုးသားမှတ်ပုံတင်အမှတ် / ..................................................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..................................................................

(ဂ) မွေးသက္ကရာဇ် ..................................................................

(ဃ) အဖ/အမိအမည် ..................................................................

အမျိုးသားမှတ်ပုံတင်အမှတ် ..................................................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..................................................................

(င) နေရပ်လိပ်စာ ..................................................................

(စ) လုပ်ငန်းတည်ရာ/လိပ်စာ ..................................................................

(ဆ) ဆက်သွယ်ရန်တယ်လီဖုန်း ..................................................................

**ထိုးမြဲလက်မှတ်** ..................................................

**လျှောက်ထားသူအမည်** ..................................................

ပုံစံ(ရုပ်ရှင်-၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

**ရုပ်ရှင်လုပ်ငန်းလိုင်စင်**

[နည်းဥပဒေ ၇(ခ)၊ နည်းဥပဒေ ၁၀(ခ)]

ရုပ်ရှင်လုပ်ငန်းလိုင်စင်အမှတ်၊

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

၁။ .................................... ပြည်နယ်/တိုင်း၊ ............................................... မြို့နယ်၊ ...................................... ရပ်ကွက်၊ ........................................ လမ်း၊ အမှတ် ( ) နေ ဦး/ဒေါ်....................................(နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်........................................)အား ........................................အမည်ဖြင့်..................................လုပ်ငန်းလိုင်စင်ကို ထုတ်ပေးလိုက်သည်။

